# ရခိုင်ပြည်နယ်ပဋိပက္ခများနှင့်စပ်လျဉ်း၍
# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ထုတ်ပြန်ချက်
# ထုတ်ပြန်ချက်အမှတ် (၃/၂၀၁၃)

၁။ ၂၀၁၂ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အကြောင်းအရင်းများကို စနစ်တကျရှာဖွေဖော်ထုတ်ရန်နှင့် အလားတူပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့သော ရခိုင်ပြည်နယ်ပဋိပက္ခများစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာကို ၂၀၁၃ ခုနှစ်၊ ဧပြီလ (၂၉)ရက်နေ့တွင် တရားဝင်ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းအစီရင်ခံစာနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၂၀၁၃ခုနှစ်၊မေလ (၆)ရက်နေ့တွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ပါ သည်။

၂။ နိုင်ငံတော်သမ္မတ၏မိန့်ခွန်းတွင်အောက်ပါအချက်များပါဝင်သည်ကိုတွေ့ရှိရပါသည်-

- နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ပဋိပက္ခများ ထပ်မံမဖြစ်ပွားရေးအတွက် တရားဥပဒေစိုးမိုးရေးအစီအမံများချမှတ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊
- နိုင်ငံသားတိုင်း မိမိတို့ယုံကြည်ရာဘာသာတရားကို လွတ်လပ်စွာရွေးချယ်ကိုးကွယ်ပိုင်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ရရှိစေရေးအတွက် မဖြစ်မနေ တစ်ပါ တည်း ကြိုးပမ်းဖော်ဆောင်နေရကြောင်း၊
- မတူညီသောကိုးကွယ်ယုံကြည်မှုများကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိစေရန်အတွက် အခြေခံအနှစ်သာရသည် ဘာသာတရားအချင်းချင်းအပြန်အလှန် လေးစားမှု ဖြစ်ကြောင်း၊
- လွတ်လပ်စွာယုံကြည်မှုနှင့်ပတ်သက်၍အစိုးရအနေဖြင့်အစဉ်လေးစားကာကွယ်ပေးသွားမည် ဖြစ်ကြောင်း၊
- ပဋိပက္ခများကြောင့် အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသူများအတွက် ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေးများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ဒုက္ခသည်များအတွက် မိုးမကျမီ အမိုးအကာအောက် အချိန်မီ ရောက်ရှိ ရေးကို အလျင်အမြန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊
- အနာဂတ်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်သည့် လူ့အဖွဲ့အစည်း တစ်ရပ် ပေါ်ပေါက် လာရေးကို လုပ်ဆောင်ရန်ဖြစ်ကြောင်း၊

၃။ နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါ အချက်အလက်များမှာ မြန်မာနိုင်ငံအတွက် အနာဂါတ်တွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်နိုင်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ပေါ် ပေါက်လာရေးအတွက် အခြေခံကျပြီး လက်တွေ့ ကျင့်သုံးရမည့် လမ်းညွှန်မှုဖြစ်သည်ကို တွေ့ရှိရပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ရခိုင်ပြည်နယ် ပဋိပက္ခဖြစ်ပွားရာ ဒေသများသို့ သွားရောက်ခဲ့ပြီးနောက် သတင်းထုတ်ပြန်ချက်အမှတ်(၄/၂၀၁၂)ဖြင့် ထုတ်ပြန်ခဲ့ရာတွင် အကြမ်းဖက်ကျူးလွန်မှုများအပေါ် ဥပဒေနှင့်အညီမှန်ကန်ထိရောက်စွာ အရေးယူဆောင်ရွက်ရေး၊ အကြမ်းဖက်ခံရသူများ၏ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ရေးနှင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုနှင့် အပြန်အလှန် ယုံကြည်မှုတည်ဆောက်ရေး၊ အသိပညာဗဟုသုတကြွယ်ဝစေရန် ကလေးသူငယ်များ အခြေခံပညာ တတ်မြောက်မှုနှုန်း မြှင့်မားရေးအတွက် အထူးအစီအစဉ်တစ်ရပ်အဖြစ် အမြန်ဆောင်ရွက်ပေးရေးနှင့် နယ်မြေရှိ ဒုက္ခသည်များအတွက် အခြေခံလိုအပ်ချက်များ တိုးမြှင့်ကူညီပေးရေးတို့ကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

၅။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဗဟိုကော်မတီ၏ မူဝါဒများ၊ လုပ်ငန်းစဉ်များနှင့် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လေ့လာအကြံပြုချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီ(၇)ရပ်နှင့် သက်ဆိုင်ရာအစိုးရဌာနများက ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကော်မရှင်အနေဖြင့် အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊၂၀၁၃ခုနှစ်၊မေလ၇ရက်